ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၈

| | | |
|---|---|---|
| နိုင်းအော်တိုမိုဘိုင်းအာရှကုမ္ပဏီလီမိတက် | နှင့် | အင်န်တီအာမြန်မာကုမ္ပဏီလီမိတက် |
| Nine Automobile Asia Co, Ltd. | | (NTR Myanmar Co.Ltd,) |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးနေမင်းလှ) | | (၎င်း၏အုပ်ချုပ်မှုဒါရိုက်တာ ဦးဖုန်းနိုင်ဦး) |
| တရားလို | | တရားပြိုင် |

တရားလိုအတွက် - ဦးသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင်အတွက် - ဦးလှစိန်၊ တရားလွှတ်တော်ရှေ့နေ

### စီ ရင် ချက်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ လ ( ၂၇ ) ရက်။

တရားလိုက တရားပြိုင်အပေါ် " NiBK " ကုန်အမှတ်တံဆိပ်အား ထင်ရောင်ထင်မှား တုပထုတ်လုပ်ထားသော " NtRK " ကုန်အမှတ်တံဆိပ်အမှတ်အသားပါ မော်တော်ယာဉ်သုံးအပိုပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုမပြုစေရန် ထာဝရတားမြစ်မိန့် ရလိုမှုစွဲဆိုထားမှုဖြစ်သည်။

တရားလိုက အဓိကအဆိုပြုရာ၌ တရားလိုသည် ပြည်တွင်းတရားဝင် ကုမ္ပဏီတစ်ခုဖြစ်ပြီး စင်္ကာပူနိုင်ငံအခြေစိုက် JNBK Corporation (PTE) Ltd. နှင့်ဆက်သွယ်၍ ၎င်းတို့ထုတ်လုပ်သော "NiBK " ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်သုံးအပိုပစ္စည်းမှာ (Brake pads, Brake shoes, Brake Lining နှင့် Suspension Parts.) များကို ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ယင်းသို့ရောင်းချရာတွင် မြန်မာနိုင်ငံအတွင်း တစ်ဦးတည်းသော တရားဝင်ဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ် [Exclusive Distributor]အဖြစ် ၂၀၁၃ ခုနှစ်ခန့်မှစတင် ရောင်းချမှုပြုခဲ့ကြောင်း၊ ယင်းသို့ဖြန့်ဖြူးရောင်းချမှု ပြုလုပ်မည့်အကြောင်း (၂၃-၇-၂၀၁၄) (၁-၁၁-၂၀၁၅) ရက်နေ့ထုတ်ကြေးမုံသတင်းစာများ၌ အများသိစေရန်ကြော်ငြာခဲ့ပြီးဖြစ်ကြောင်း၊ "NiBK" ကုန်အမှတ် တံဆိပ်ပါ မော်တော်ယာဉ်သုံးအပိုပစ္စည်းများသည် တာရှည်ခိုင်ခံ့မှု၊ အရည်အသွေးကောင်းမွန်မှု၊ ဈေးနှုန်းမျှတမှုများ အပေါ် အာမခံချက်အပြည့်အဝရှိသော ပစ္စည်းများဖြစ်၍ ဈေးကွက်အောင်မြင်မှုရခဲ့ကြောင်း ၂၀၁၅ ခုနှစ်စပိုင်းတွင် တရားလို၏တဆင့်ခံ အရောင်းကိုယ်စားလှယ်များမှတဆင့် တရားလို၏ "NiBK " ကုန်အမှတ်တံဆိပ်နှင့် ပုံသဏ္ဍာန်၊ အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ ထပ်တူနီးပါးတူညီသော အမျိုးတူပစ္စည်းများကို ဈေးကွက်အတွင်း ရောင်းချပေးရန် ကမ်းလှမ်းမှုများရှိလာပြီး၊ ယင်းပစ္စည်းများသည် မိမိတို့ပစ္စည်းများနှင့် ဈေးနှုန်းများလျော့နည်းကွာဟပြီး ပုံမှန်ဖောက်သည်များမှာ အဆိုပါ "NtRK " တံဆိပ်အား မိမိတို့၏ " NiBK " တံဆိပ်ပစ္စည်းများအား တရားလိုကစုံစမ်းရာ၊ ယင်းပစ္စည်းများသည် တရားပြိုင်ကုမ္ပဏီက

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပြီး၊ တရားလိုကုမ္ပဏီက ဖြန့်ဖြူးရောင်းချနေသော ပစ္စည်းများနှင့် အရောင်အသွေး၊ စာလုံးဒီဇိုင်းပုံစံ၊ အမျိုးအစား ထပ်တူနီးပါးတူညီယုံမက ပစ္စည်းထုတ်ပိုးသည့်ဘူးခွံ (Package Box) ပုံစံ၊ အရောင်အသွေးများပါ ထပ်တူဖြစ်နေကြောင်း၊ တရားပြိုင်က အဆိုပါ " NtRK " တံဆိပ်ပစ္စည်းများကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ဖြန့်ဖြူးရောင်းချလာမှုကြောင့် တရားလို၏ " NiBK " တံဆိပ်ပစ္စည်းများ ပုံမှန်သုံးစွဲသူ ဖောက်သည်များအကြား နာမည်ဂုဏ်သတင်းကျဆင်းလျက် တရားလို၏ရောင်းအားအရပ်ရပ် ထိခိုက်နစ်နာမှုဖြစ်ပေါ်စေကြောင်း၊ တရားပြိုင်သည် ၎င်း၏ " NtRK " ကုန်အမှတ်တံဆိပ်အား ၂၀၁၅ ခုနှစ်တွင်မှ မှတ်ပုံတင်သွင်းခဲ့သည့်ပြင် တရားပြိုင်ကိုယ်တိုင် ထုတ်လုပ်ခြင်းမဟုတ်ဘဲ ပြည်ပမှတဆင့် ဝယ်ယူတင်သွင်းရောင်းချခြင်းဖြစ်ကြောင်း၊ တရားလိုက တရားပြိုင်ထံ (၂၉-၁၂-၂၀၁၅) ရက်နေ့စွဲပါ ရှေ့နေမှတဆင့် နို့တစ်စာပေးပို့လျက် တားမြစ်ခဲ့သော်လည်း လိုက်နာမှုမပြုနိုင်ဟုငြင်းဆန်ပြီး (၈-၁-၂၀၁၆) ရက်နေ့စွဲပါ နို့တစ်စာပြန်စာအား ပေးပို့ပြန်ကြားခဲ့ကြောင်း၊ ထို့ကြောင့် တရားလိုက ယခုအမှုအား စွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုထားသည်။

တရားပြိုင်ဘက်မှ အခြားချေပချက်များအပြင် အဓိကချေပထားသည်မှာ တရားပြိုင်ကုမ္ပဏီသည် မော်တော်ယာဉ်သုံး ဆက်စပ်အပိုပစ္စည်းများကို နိုင်ငံပေါင်းစုံမှ တိုက်ရိုက်သော်လည်းကောင်း၊ နယ်စပ်ဂိတ်များမှတဆင့်သော်လည်းကောင်း၊ တင်သွင်းလျက် မြန်မာနိုင်ငံတဝှမ်းလုံးဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ထိုသို့ ဖြန့်ချိရောင်းချနေသော ကုန်ပစ္စည်းများ၌ အသုံးပြုရန်အလို့ငှာ " NiBK " ကုန်အမှတ်တံဆိပ်အား စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်အမှတ် ၆၅၅၅/၂၀၁၅ ဖြင့် မှတ်ပုံတင်သွင်းထားကြောင်း၊ တရားလို၏ ကုန်အမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်းမဟုတ်ကြောင်း၊ " NiBK " နှင့် " NtRK " သည် အင်္ဂလိပ်အက္ခရာစလုံး တူညီမှုမရှိကြောင်း၊ တရားလိုသည် " NiBK " အမှတ်တံဆိပ် မူရင်းပိုင်ရှင်ဖြစ်သူ " JNBK " ကုမ္ပဏီထံမှ ယင်းအမှတ်တံဆိပ်နှင့်ပါတ်သက်၍ တရားစွဲဆိုရန်ခွင့်ပြုချက်အား အမှုတွင် တင်ပြထားခြင်းမရှိသောကြောင့် ယခုအမှုအား စွဲဆိုပိုင်ခွင့်မရှိကြောင်း စသည်ဖြင့် ချေထားခဲ့သည်။

**အစစ်နှင့်မိတ္တူမှန်**
**စစ်ဆေးပြီးမှန်ကန်ကြောင်း**
**အာ နိယူသည်။**

တရားလို၊ တရားပြိုင်တို့၏ အဆိုအချေများအရ အောက်ပါငြင်းချက်များ ထုတ်ခဲ့သည်။ ယင်းတို့မှာ -

၁။ တရားပြိုင်သည် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၆၅၅၅/၂၀၁၅ ဖြင့် (NTRK) တံဆိပ်ဖြင့် ကုန်ပစ္စည်းများ ဖြန့်ဖြူးနေသူဖြစ်သည်ဆိုလျှင် မှန်ပါသလား။

( သို့မဟုတ် )

တရားလိုသည် စင်္ကာပူအခြေစိုက် တည်ထောင်ထားသော (JNBK Corporation Pte Ltd.) နှင့် ဆက်သွယ်၍ (NIBK) အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းများကို ၂၀၁၃ ခုနှစ်ကပင် စာချုပ်ချုပ်ဆိုကာ ဖြန့်ဖြူးရောင်းချနေသူဖြစ်သည်ဆိုလျှင် မှန်ပါသလား။

၂။ တရားလိုသည် ဤအမှုကို (JNBK) ကုမ္ပဏီမှ တရားစွဲဆိုခွင့်ပြုချက်မရှိ၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဟုဆိုလျှင် မှန်ပါသလား။

၃။ တရားလို၏ (NIBK) အမှတ်တံဆိပ်နှင့် တရားပြိုင်၏ (NTRK) အမှတ်တံဆိပ်တို့သည် ဆင်တူယိုးမှားရှိနေသည်ဆိုလျှင် မှန်ပါသလား။

**စာခွင့်ရစာရေး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

၄င်းတရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်းဟူ၍ဖြစ်သည်။ ငြင်းချက်များအနက် ငြင်းချက်အမှတ် (၂) ကို ဥပဒေငြင်းချက်အဖြစ် သတ်မှတ်၍ ကြားနာခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

**ငြင်းချက်အမှတ် (၁)**

နှစ်ဖက်သက်သေများ ထွက်ဆိုချက်၊ သက်သေခံ (ဠ) အရ တရားလိုသည် ကုန်အမှတ်တံဆိပ်ဖြင့် အင်န်အိုင်ဘီကေ (NIBK) ကို (၉-၆-၂၀၁၃) ရက်နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ် ၅၉၂၆/၂၀၁၃ ဖြင့်လည်းကောင်း၊ တရားပြိုင်သည် သက်သေခံ (၂) မှတ်ပုံတင်စာချုပ်အမှတ် ၆၅၅၅/၂၀၁၅ ဖြင့် (၈-၅-၂၀၁၅)နေ့တွင် မှတ်ပုံတင်၍ အင်န်တီအာရ်ကေ (NTRK) ဖြင့်လည်းကောင်း၊ အချင်းဖြစ် ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။ တရားလိုကုမ္ပဏီမှ ကိုယ်စားလှယ် ဦးနေမင်းလှနှင့် တရားပြိုင်ကုမ္ပဏီမှ ကိုယ်စားလှယ် ဦးဖုန်းနိုင်ဦးတို့ နှစ်ဦးစလုံးကလည်း အချင်းဖြစ် အငြင်းပွားနေသည့် ကုန်အမှတ်တံဆိပ်များကို သက်သေခံ (ဠ) နှင့် သက်သေခံ (၂) တို့ဖြင့် မြန်မာနိုင်ငံ၌ စာချုပ်စာတမ်း မှတ်ပုံတင်ထားခြင်းဖြစ်သည်ဟု အသီးသီး ထွက်ဆိုထားခဲ့ကြသည်။

ထို့အတူပင် တရားလိုကုမ္ပဏီအား ဂျပန်နိုင်ငံ ဂျေအင်န်ဘီကေ (JNBK) ကော်ပိုရေးရှင်းက ၄င်းတို့၏ အင်န်အိုင်ဘီကေ (NIBK) ကုန်အမှတ်တံဆိပ်ကို မြန်မာနိုင်ငံ၌ အသုံးပြုခွင့်ပြုပေးကြောင်း သက်သေခံ(ပ)၊ (ဏ)၊ (တ)တို့ရှိ စာရွက်စာတမ်းများတင်ပြထားခဲ့သည်။ သက်သေခံ (ဟ-၂) မှ (ဟ-၃) ရှိ ကုန်ပစ္စည်းစာရင်း စာရွက်စာတမ်းများအရလည်း တရားလို အော်တိုမိုဘိုင်းကုမ္ပဏီက ၂၀၁၃ ခုနှစ်ကပင် အင်န်အိုင်ဘီကေ(NIBK)ကုန်အမှတ်တံဆိပ်ဖြင့် ကားအပိုပစ္စည်းများဖြစ်သည့် ဘရိတ်ရှူး(Brake Shoe) ဘရိတ်ပက် (Brake Pad) နှင့် ကဒ္ဒအောက်ပိုင်းသုံးပစ္စည်းများမှာ ကြားတင်သွင်းခဲ့သည်ကို တွေ့ရသည်။

အာခန်စ်မိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း၊
အာ နိ်ယူသည်။

တရားပြိုင် အင်န်တီအာရ်ကေ (NTRK) ကုမ္ပဏီအနေဖြင့် သက်သေခံ (၂) စာချုပ်စာတမ်း မှတ်ပုံတင်ပြီး ရောင်းချခဲ့ကြောင်း ထွက်ဆိုထားသော်လည်း ၄င်းတို့ရောင်းချသည့် ပစ္စည်းများကို တင်သွင်းထားသည့် အထောက်အထား စာရွက်စာတမ်းများ တင်ပြနိုင်ခဲ့ခြင်း မရှိခဲ့ချေ။ ထို့အတူ (NTRK) ကုမ္ပဏီအနေဖြင့် (၁၉၉၈) ခုနှစ်မှစတင် လုပ်ဆောင်ခဲ့သည်ဟူသောအချက်မှာလည်း တိကျခိုင်လုံသည့် သက်သေခံ အထောက်အထားမရှိဘဲ ၄င်းကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းခံရသူ ဦးဖုန်းနိုင်ဦး၏ တစ်ဦးတည်း ထွက်ဆိုချက်သာရှိခဲ့သည်။

ထို့ကြောင့် ငြင်းချက်အမှတ် (၁) အရဆိုလျှင် တရားပြိုင်သည် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၆၅၅၅/၂၀၁၅ ဖြင့် (NTRK) တံဆိပ်ဖြင့် ကုန်ပစ္စည်းများ ဖြန့်ဖြူးနေသူဖြစ်သည်ဆိုလျှင် မှန်ကြောင်းနှင့် တရားလိုသည် စင်္ကာပူအခြေစိုက် တည်ထောင်ထားသော (JNBK Corporation Pte. Ltd.) နှင့်ဆက်သွယ်၍ (NIBK) ကုန်အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းများကို ၂၀၁၃ ခုနှစ်ကပင် စာချုပ်ချုပ်ဆို ကာ ဖြန့်ဖြူးရောင်းချနေသူဖြစ်သည်မှာလည်း မှန်ကြောင်း ဖြေဆိုလိုက်သည်။

**ငြင်းချက်အမှတ် (၂)**

အဆိုပါ ငြင်းချက်အမှတ် (၂) ကိုလည်း (၃၀-၁-၂၀၁၇) ရက်နေ့တွင် တရားလိုသည် ဤအမှုကို (JNBK) ကုမ္ပဏီမှ တရားစွဲဆိုခွင့်ပြုချက်မရှိဘဲ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဟုဆိုလျှင် မမှန်ကြောင်းနှင့် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ကြောင်းဖြင့် ဖြေဆိုခဲ့ပြီးဖြစ်သည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တရားပြိုင်ဘက်က နေသူရိန်ခေတ်ဟု (NTRK) ကုန်အမှတ်တံဆိပ်ကို ၂၀၁၅ ခုနှစ်မှ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၆၅၅၅ ဖြင့် မှတ်ပုံတင်ထားခြင်းဖြစ်သည်မှာ ထင်ရှားပေါ်လွင်ခဲ့သည်။ တရားပြိုင်မှ သက်သေခံ (၂) စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၆၅၅၅/၂၀၁၅ ရှိ (NTRK) ကုန်အမှတ်တံဆိပ်နှင့် တရားလိုသည် သက်သေခံ (ပ) ရှိ (NIBK) ကုန်အမှတ်တံဆိပ်တို့သည် (N) အင်္ဂလိပ်စာလုံးအကြီးနေရာ၊ ယင်းကုန်အမှတ်တံဆိပ်တို့၏အောက်ခြေ၌ ပါရှိသော ကာတွန်းရုပ်ငယ်၊ ကာတွန်းရုပ်ငယ်နေရာ၌ ဖော်ပြထားသည့် အင်္ဂလိပ်စာဝါကျစာတမ်း၊ ယင်းစာတမ်းများအောက်ခြေရှိ မျဉ်းကြောင်း (၂) ကြောင်း NTRK နှင့် NIBK ကုန်အမှတ်တံဆိပ် ဒီဇိုင်းခြင်းတူသည်မှာ မှန်သည်ဟု တရားပြိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် ကိုယ်စားလှယ် ဦးဖုန်းနိုင်ဦးက တရားလို၏ အကျိုးဆောင် ပြန်လှန်စစ်မေးရာတွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်။

× × × တရားလိုကုမ္ပဏီက ရောင်းချသော (NIBK) ကုန်အမှတ်တံဆိပ်နှင့် ကျွန်တော်တို့ တရုတ်ပြည်မှတင်သွင်းရောင်းချနေသော (NTRK) ကုန်အမှတ်တံဆိပ် (၂) ခုကို သက်သေခံ (ပ) ပါ အတိုင်း နှိုင်းယှဉ်ကြည့်ရာ အဆိုပါအမှတ်တံဆိပ်နှစ်ခုသည် အင်္ဂလိပ်စာလုံး (N) အကြီးစာလုံးချင်း တူညီနေသည်ဆိုက မှန်ပါသည် × × × တရားလို ကုန်အမှတ်တံဆိပ် (NIBK) စာလုံး၏ အောက်ခြေ၌ပါရှိသော ကာတွန်းရုပ်ငယ်နှင့် တစ်ပုံစံတည်း ကျွန်တော်တို့ ကုန်အမှတ်တံဆိပ်၌ ကာတွန်းရုပ်ငယ်ပါရှိနေသည်ဆိုလျှင် မှန်ပါသည် × × × ထို့အပြင် ကာတွန်းရုပ်ငယ်နေရာ၌ တရားလို ကုန်အမှတ်တံဆိပ်တွင် ဖော်ပြ ပါရှိသော အင်္ဂလိပ်ဘာသာ ဝါကျစာတမ်းနှင့် အဓိပ္ပါယ်တူညီသော အင်္ဂလိပ်ဘာသာ စာတမ်း ကျွန်တော်တို့ အမှတ်တံဆိပ်၌ပါရှိနေသည်ဆိုက မှန်ပါသည်။ ထို့အတူ တရားလို ကုန်အမှတ်တံဆိပ်ပါရှိသော (NIBK) အင်္ဂလိပ်စာလုံးအပေါ်နှင့် အောက်ခြေရှိ မျဉ်းကြောင်း (၂) ကြောင်း ပုံသဏ္ဍာန်အတိုင်း ကျွန်တော်တို့ ကုန်အမှတ်တံဆိပ်၌လည်း မျဉ်းကြောင်း (၂) ကြောင်း ပုံသဏ္ဍာန်တူ ပါရှိနေသည်ဆိုက မှန်ပါသည် × × × တရားလို ကုန်အမှတ်တံဆိပ် ပစ္စည်းရောင်းချသော ဗူးခွံ၌ပါရှိသော အထက်ပါ အင်္ဂလိပ်စာလုံးများမှာ ကျွန်တော်တို့အမှတ်တံဆိပ်၌ ပါရှိသည့် အင်္ဂလိပ်ဒီဇိုင်းခြင်းတူနေသည်ဆိုက ဒီဇိုင်းခြင်းတူတာ မှန်ပါ သည် စာလုံးအကြီးအသေး အရွယ်အစား ကွာပါသည်။ သို့ရာတွင် ကျွန်တော်တို့ အမှတ်တံဆိပ်ဗူးခွံတွင် (NTRK) စာလုံးပါရှိသည့် လိမ္မော်ရောင်အလုံးစာလုံး ပါရှိသော်လည်း တရားလို အမှတ်တံဆိပ်ဗူးခွံ၌ ယင်းစာလုံး မပါရှိကြောင်း ပြောလိုပါသည်။

ထို့အပြင် တရားလိုအမှတ်တံဆိပ် DISC စာလုံးနှင့် PADS စာလုံး စာတမ်း (၂) တမ်း အကြား၌ လိမ္မော်ရောင်မျဉ်းတန်း (၂) တန်းပါရှိပြီး အဆိုပါလိမ္မော်ရောင်မျဉ်းတန်း (၂) တန်းအကြားတွင် အင်္ဂလိပ်ဘာသာစာတမ်း၊ ဂျပန်စာတမ်း (၂) တန်းပါရှိသကဲ့သို့ ကျွန်တော်တို့ အမှတ်တံဆိပ်ဗူးခွံ၌ ထို အတိုင်းပင် ဖော်ပြပါရှိသည်ဆိုက မှန်ပါသည်ဟု ထွက်ဆိုထားခဲ့သည်။

ဦးဇော်လင်းမြင့် (လိုပြ-၂) ၏ ထွက်ချက်၊ သက်သေခံ (လ) ရှိ တရားလို၊ တရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ်များဖြင့် ရောင်းချနေသည့် ဗူးခွံ၊ ပါဝင်သည့်ပစ္စည်း၊ ထုပ်ပိုးမှုတို့ကို ရိုက်ကူးထားသည့် ဓါတ်ပုံ (၉) ပုံတို့အရဆိုလျှင်လည်း တရားပြိုင်၏ (NTRK) ကုန်အမှတ်တံဆိပ်နှင့် တရားလို၏ (NIBK) ကုန်အမှတ်တံဆိပ် ဗူးခွံတွင် ဖော်ပြထားချက်တို့သည် ကုန်အမှတ်တံဆိပ် တစ်ခုနှင့်တစ်ခုမှာ သာမန်ကြည့်ရှုပါက တူညီနေကြောင်း ပေါ်ပေါက်ခဲ့သည်။

၂၂-၁-

**အခွင့်ရအရာရှိ**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

တုပမှုမြောက်ရန် အခင်းဖြစ် တံဆိပ် (အမှတ်အသား) နှစ်ခုသည် အချက်အလက်တိုင်းတွင် တူဖို့မလို၊ အဆိုပါတံဆိပ်နှစ်ခု တူနေခြင်းသည် ဆိုင်ရာအမှု၏ အကြောင်းခြင်းရာများအရ ကုန်ပစ္စည်းများကို သာမန်အားဖြင့် သို့မဟုတ် ပဓာနအားဖြင့် ရောင်းရန်ရည်စူးသော လူတန်းစားအား လှည့်ဖြားရန် စီမံပြုလုပ်ထားသည်ဟု သဘောရရှိလျှင် တုပမှုဖြစ်ရန် ဥပဒေအရ လုံလောက်သည်ဟု **ဂေါ်ရှမ်းသွမ်းနှင့် အီး၊ စီ၊ မဒါးဘရားသား (စ်) အမှု** [၁] တွင် ထုံးဖွဲ့ထားသည်။

တရားပြိုင်ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ ဦးဖုန်းနိုင်ဦး၏ ထွက်ဆိုချက်၊ သက်သေခံ (ပ) ရှိ အချင်းဖြစ် တရားလို၊ တရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ်များဖြင့် ရောင်းချခဲ့သည့် ဘရိတ်ရှူး၊ ဘရိတ်ပက်တို့ ထုပ်ပိုးသည့်ပစ္စည်း၊ ဗူးခွံ၊ ဗူးခွံများပေါ်ရှိ ဖော်ပြချက်အရဆိုလျှင် တရားလို၏ (NIBK) ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်၏ (NTRK) ကုန်အမှတ်တံဆိပ်တို့သည် ဆင်တူရိုးမှား ကုန်အမှတ်တံဆိပ်များဖြစ်ပေသည်။ ကုန်တံဆိပ်များတူမတူ ဆုံးဖြတ်ရန်မှာလည်း တရားသူကြီးအလုပ်ဖြစ်သည်။ ထိုအချက်နှင့်စပ်လျဉ်း၍ သက်သေများက ထင်မြင်ချက်ပေးရန်မဟုတ်ပေ။ ထို့ကြောင့် ငြင်းချက်အမှတ် (၃) ဖြစ်သည့် တရားလို၏ (NIBK) ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်၏ (NTRK) ကုန်အမှတ်တံဆိပ်တို့သည် ဆင်တူရိုးမှားရှိသည်ဆိုလျှင် မှန်ကြောင်း ဖြေဆိုလိုက်သည်။

**ငြင်းချက်အမှတ် (၄)**

ငြင်းချက်အမှတ် (၁) အရ တရားလိုကုမ္ပဏီသည် သက်သေခံ (အ) အရ စင်္ကာပူနိုင်ငံရှိ (JNBK)ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်ဖြစ်သည့် (NIBK)ကုန်အမှတ်ကို သက်သေခံ (ဠ) ဖြင့် မှတ်ပုံတင်စာချုပ်အမှတ် ၅၉၂၆/၂၀၁၃ ဖြင့် အချင်းဖြစ် ကားအပိုပစ္စည်းများကို ရောင်းချရန် မှတ်ပုံတင်ထားသည်မှာ မှန်ကြောင်း၊ တရားပြိုင်ကုမ္ပဏီသည် သက်သေခံ (၂) မှတ်ပုံတင်စာချုပ်အမှတ် ၆၅၅၅/၂၀၁၅ ဖြင့် (NTRK) ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်၍ ရောင်းချခဲ့ခြင်းဖြစ်သည်ဟု ဖြေဆိုထားပြီးဖြစ်သည်။ တစ်နည်းအားဖြင့် တရားလိုကုမ္ပဏီသည် တရားပြိုင်ကုမ္ပဏီထက်စောစွာ (NIBK)ကုန်အမှတ်တံဆိပ်ဖြင့် အချင်းဖြစ်ပစ္စည်းများ ရောင်းချခဲ့သည်မှာ ပေါ်လွင်ထင်ရှားခဲ့သည်။

စာတန်ခံပိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
နှိုင်းယှဉ်သည်။

ငြင်းချက်အမှတ် (၃) အရလည်း တရားပြိုင်ကုမ္ပဏီ၏ (NTRK) ၏ကုန်အမှတ်တံဆိပ်နှင့် တရားလိုကုမ္ပဏီ၏ (NIBK) ကုန်အမှတ်တံဆိပ်တို့သည် ဆင်တူရိုးမှားရှိသည်ဟု ဖြေဆိုခဲ့ပြီးဖြစ်သည်။

ထို့အတူ သက်သေခံ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ)၊ (ဖ)၊ (ဗ)၊ (ဘ) နှင့် (မ) တို့ရှိ တရားပြိုင်ကုမ္ပဏီမှ (NTRK) အမှတ်အသားပါ ပစ္စည်းများကို ဖြန့်ဖြူးရောင်းချထားမှုကြောင့် တရားလိုကုမ္ပဏီ၏ကုန်အမှတ်တံဆိပ် (NIBK) ပစ္စည်းများ ရောင်းချမှုကျဆင်းခဲ့ရသည်မှာ ပေါ်လွင်ခဲ့သည်။ တရားလိုကုမ္ပဏီသည် (NIBK) ကုန်အမှတ်တံဆိပ် ကားပစ္စည်းများကို ပြည်ပမှတစ်ဆင့် သက်သေခံ (ဟ) (ဟ-၁၁) ရှိ ကုန်ပစ္စည်း အမှာစာများဖြင့် တင်သွင်းရောင်းချခဲ့သူဖြစ်သော်လည်း တရားပြိုင်ကုမ္ပဏီအနေဖြင့် (NTRK) ကုန်အမှတ်တံဆိပ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတင်သွင်းခဲ့သည့် မည်သည့်အထောက်အထားမျှ တင်ပြနိုင်ခဲ့ခြင်းမရှိပေ။

---

၁။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၁၃၆ (တရားလွှတ်တော်)။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီမှ စက်ာပူနိုင်ငံမှ မှာယူတင်သွင်းခဲ့သည့် (NIBK) ကုန်အမှတ်တံဆိပ်နှင့် ဆင်တူရိုးမှား (NTRK) ကုန်အမှတ်တံဆိပ်သုံး၍ သက်သေခံ (ထ) မှ (မ) ရှိ ပြေစာများအရ ဖြန့်ဖြူးရောင်းချခဲ့ခြင်းဖြစ်သဖြင့် တရားလိုကုမ္ပဏီမှ တောင်းဆိုသည့် တားဝရမ်းကို ထုတ်ခွင့်ပြုရမည်ဖြစ်သည်။

တရားလိုကုမ္ပဏီသည် (NIBK) ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်စာချုပ်အမှတ် ၅၉၂၆/၂၀၁၃ ဖြင့် တရားပြိုင်ကုမ္ပဏီ၏ (NTRK) ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်စာချုပ်အမှတ် ၆၅၅၅/၂၀၁၅ ထက်စော၍ ကုန်ပစ္စည်းများ ဖြန့်ဖြူးနေသူ၊ တစ်နည်းအားဖြင့် ၂၀၁၃ ခုနှစ်မှပင် စတင်အသုံးပြုနေခြင်းဖြစ်သည်။ ထို့ကြောင့် တရားလိုကုမ္ပဏီသည် (NIBK) ကုန်အမှတ်တံဆိပ်အတွက် အကာအကွယ်ရခွင့်ရှိပေသည်။ **ဂေါ်ကန်လိုင်း နှင့် စောကျုံဆိုင်အမှု** [၂] ကို ရည်ညွှန်းသည်။

ထို့ကြောင့် တရားလို နိုင်းအော်တိုမိုဘိုင်း အာရှကုမ္ပဏီလီမိတက်သည် တရားပြိုင် အင်န်တီရာ မြန်မာကုမ္ပဏီလီမိတက်မှ ရောင်းချနေသည့် (NTRK) ကုန်အမှတ်တံဆိပ် အမှတ်အသားပါ မော်တော်ယာဉ်သုံး အပိုပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်းကို စရိတ်နှင့်တကွ ရထိုက်ခွင့်ရှိကြောင်း အနိုင်ဒီကရီ ချမှတ်လိုက်သည်။

( လှအေး )
တရားသူကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အာခံဝန်မိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
ဒေါ် နှင်းယုသည်

---

၂။ ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ- ၄၈၈ (စုံညီ)။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်